
HOME
PRODUCTION

# အခန်း (၁)

## (ပွဲတင်သံ ဂျာနယ်တွင် အပတ်စဉ် ဖော်ပြခဲ့သော ဆောင်းပါးများ )

*



ခုတလော ဇာဂနာ ဘာ ဖြစ်နေမှန်း မသိဘူး။ အကြံကောင်းတွေ အမြဲရနေတယ်။ ခဏ ခဏ ရနေတယ်။ သိသားပဲ။ ဒီလိုပဲ ရမယ်ဆိုတာ။ လူက အလုပ်မှ မရှိတာ။ အားနေတာကိုး။ ရုပ်ရှင်လေး ဗွီဒီယိုလေး ရိုက်ဖို့ကလည်း ငှားမယ့် လူမှမရှိတာ။

ကိုယ့်ဘာသာကိုယ် တစ်ယောက် တည်းရိုက်လို့ မရဘူးလေ။ သိသားပဲ။ ဒီလိုပဲ ဖြစ်မယ်ဆိုတာ ဒါရိုက်တာတွေ ရိုက်လို့မရဘူးလေ။ သိသားပဲ။ ဒီလိုပဲ ဖြစ်မယ်ဆိုတာ။ ဒါရိုက်တာတွေ ၊ ထုတ်လုပ်သူတွေ က ဇာဂနာရဲ့ အိုက်တင်ကို ဘယ်ကြိုက်ပါ တော့မလဲ။ သရုပ်တောင်မဟုတ်တာ ကြာမင့်ကိုး။ တချို့ဆို ဇာဂနာဆိုတာ လူလား၊သရဲလားလို့ တောင် ထင်နေတာ၊ အငြိမ့်တွေ ဘာတွေ လည်း ကချင်သားဗျ၊ ဒါပေမယ့် မကတာ ကြာပြီဆိုတော့ ပရိသတ်တွေ က မှတ်တောင် မမှတ်မိတော့ဘူး။ တချို့ လူရွှင်တော် တွေ ကတောင် ဇာဂနာဆိုတဲ့ သတ္တဝါ ပြက်လုံးပြက်တတ်ရဲ့ လားလို့ မေးယူရတဲ့အထိပါပဲ။ သိသားပဲ ဒီလိုပဲ ဖြစ်မှာ ပေါ့။ လူပြက် သာဆိုတယ်။ အငြိမ့်ကတာ တွေ ့မှ မတွေ ့ရဘဲဟာ။

ဒီတော့ ဘာလုပ်ရကောင်းမလဲဆိုပြီး စဉ်းစားတယ်။ ထောင်က ထွက်ပြီးကတည်းက ထမင်း ဘယ်လို ရှာစားရမှန်း မသိဘူးလေ။ ဝင်ငွေလည်း မရှိတော့ ဘယ်လိုနေရမှန်းတောင် မသိပေါင် ဗျာ။ ဒီမှာ တင် အကြံကောင်းလေးတစ်ချက် ရလိုက်တယ်။ ထောင်ထဲမှာ နေခဲ့တဲ့အကြောင်း ရေး လိုက်ရင် ပရိသတ်လည်း မဖတ်ဖူးတာ ဖတ်ရမယ်။ မကြားဖူးတာ ကြကားရမယ်။ ဇာဂနာလည်း နည်းနည်း ပါးပါး သုံးစရာစွဲစရာလေး ရလာမယ်ပေါ့လေ။ ဒါနဲ့ ထောင်ထဲက အကြောင်းတွေ ကောက်ရေး ထည့်လိုက်တာ အမယ်။ စွံသားဗျ။ လူတွေ ကလည်း သူတို့ဥာ ထောင်ထဲသွားမနေကြ တာ။ ထောင်အကြောင်းတွေ တော့ ဖတ်ချင်ကြသား။ ဘာရမလဲ။ မိုးရွာတုန်းမှာ ရေချိုးပစ်တာပေါ့။ တစ်အုပ်တည်းမဟုတ်ပေါင် သုံးအုပ်ကို ရေး ပစ်လိုက်တာ။

ဆုရုကီးတစ်စီးလောက်တော့ အသာလေး ဝယ်နိုင်သွားတယ်။ သိသားပဲ။ ဒီလိုပဲ ဖြစ်မယ်ဆို တာ။ ဒါကြောင့် အကြံကောင်းတွေ ထွက်နေတယ်ပြောတာပေါ့။ ဒါပေမဲ့ ထောင်အကြောင်းကုန် သွားတော့ ဘာဆက်ရေး ရမှန်း မသိတော့ဘူး။ ထောင်ထပ်ကျစရာ လမ်းကည်း ရှာမတွေ ့။ ကိုယ် သာ ရှာမတွေ ့တာပါ။ ရှာတတ်သူတွေ ကျကြံကြံဖန်ဖန် ရှာတတ်တာနော်။ ခ ကျွန်တော် ဘာမှ မလုပ်ရပါဘူးဆိုတဲ့ တစ္ဆေကြီးအာဏာတွေ ထက်နေတုန်းကဆို စာရွက်လွတ်တွေ ့တာတောင် ဖမ်းတာ။ ဟေ၊ ဟုတ်ရဲ့ လားလို့ မမေးနဲ့နော်။ ဟုတ်တာပေါ့။ စာရွက်လွတ်ရှိနေရင် အချိန်မရွေး အစိုးရအကြောင်း မကောင်းရေး

နိုင်တယ်ဆိုပြီး နိုင်ငံတော် ကို ဆူပူနှောင့်ယှက်လိုသူများ ရဲ့ အန္တရာယ် ကနေ ကြို တင်ကာကွယ်ဖို့ဆိုပြီး ဖမ်းပစ်လိုက်တာပဲ။

အဲသလို ဘယ်နိုင်ငံမှာ မှ မရှိတဲ့ ဖမ်းပုံဖမ်းနည်းအမျိုးမျိုးကို တီထွင်တတ်သူကြီးက အခု ပန်းလေး ရောင် းစားနေရတယ်ဆိုတော့ ကိုယ်တွေ မှာ ရင်ထဲ မကောင်းလိုက်တာ။ သူ့လို ထွင်ဉာဏ် ကောင်းသူက ဒီလိုအ ဖြစ်မျိုးစုံနဲ့ဆိုတော့ မဖြေသာပါဘူး။ သူ့ခမျာ သိန်းတစ်သော င်းလောက်သာ တန်ကြေးရှိမယ့် ခပ်ပျပ်ပျပ် အိမ်ကလေးထဲ ဘရာဇီးကော်ဖီလေးကျိုက်ရင်း ခုလိုကြွယ်နေတော့ ဇာဂနာ မျက်ရည်များ တောင် လည်လာပါတယ်။ သူ့လို ဉာဏ်ကြီးရှင်က သူ့ဘဝ ရပ်တည်ရေး အတွက် မစဉ်းစာနိုင်ရှာတာကိုလည်း မချိတင်ကဲပေါ့။ နိုင်ငံခြားက လာတဲ့ စာစောင်တွေ ထဲမှာ အကြံတောင်းရင် သူက ပေးဦးမှာ ဆိုတော့ ဩော် ကိုယ့်ဘဝတွေ ထဲမှာ စားဝတ်နေရေး အတွက် မစဉ်းစားနိုင်ဘဲ တိုင်းပြည်အတွက် တအားကိုပူပန်းပေးနေတော့ ကြည်ညိုလွန်းလို့ မီးလောင်မုံးနဲ့ တောင် ပူဇော်ချင်လိုက်တာ။

သူ မပူပန် မစဉ်းစားပေမယ့် ဇာဂနာ ကတော့ မနေနိုင်ဘူး ခင်ဗျ။ သူ့အတွက် အကြီး အကျယ် စဉ်းစားပေးနေမိတာ။ သိသားပဲ။ ခင်ဗျားတို့က “ဘာလျှောဝင်ရှည်နေတာလဲ” လို့ ပြောမယ် ဆိုတာကို။ ဝါသနာဗျ။ နေကို မနေနိုင်တာ။ သူ့အတွက် ဒေါ်လာတွေ သန်းချီရမယ့် လမ်းရှာတွေ . ထားတာ။ ပန်းစိုက်ရောင် းဖို့လည်း မလိုတော့ဘူး။ ကော်ဖီဆိုင်လည်း နား၊ ဒေါ်လာတွေ ဗျာ။ မြင် မကောင်းဘူး။ အလုံ့ပယ်၊ သဲ့ပြီး ဝင်လာမှာ ။ (ဇာဂနာကိုဒေတ့ အကြံပေးခလေး နည်းနည်း ပါးပါး ချီးမြှင့်ပေါ့။ ဟိုတုန်းက မပေးခဲ့ဖူးတဲ့ မြေကွက်လေး ဘာလေး ဝယ်ရင် တော် ပါပြီ)

ဇာဂနာပေးမယ့် အကြံက စာရေး ပါ။ စာအုပ်တွေ ရေး ပါ။ ရေး စရာ တွေ မှ တစ်ပုံကြီး။ ၁၉၈၈ အရေး တော် ပုံကာလတုန်းက မောင်ဖုန်းမော်ကိစ္စ၊ မြေနီကုန်း ဂျင်ဂလိပွဲတော် ကိစ္စ၊ အရေး တော် ပုံ ကာလမှာ စာတွေ ဝေတဲ့ကိစ္စ၊ လူတွေ ဖမ်း၊ နှိပ်စက်ခဲ့တာတွေ ၊ သေတော့လည်း မသိချင်ယောင် ဆောင်ခဲ့တာတွေ ၊ ထောင်ထဲမှာ စာဥအော်ပရေး ရှင်းလုပ်တာတွေ ၊ ဒေါ်အောင်ဆန်းစုကြည်ကို ကမ္ဘာ အေးဘုရားမှာ၊

ဘူတာကြီးမှာ ၊ ဒီပဲယင်းမှာ လုပ်ကြံခဲ့တာတွေ ၊ ဗိုလ်ချုပ်မှူး ကြီး စောမောင် လက်ထဲက အာဏာကို လုယူခဲ့တာတွေ ၊ဗိုလ်ချုပ်ထန်းကြည်တို့၊ ဗိုလ်ချုပ်ကျော်ဘတို့ကို အရေး ယူ ခဲ့တာတွေ ။ ကဲဗျာ။ နည်းမှတ်လို့။ ဘယ်လို စီမံခဲ့။ ဘယ်လို ခန့်ခွဲခဲ့။

ဘယ်လိုကြီးကြပ်ခဲ့တယ်ဆိုတာ အရင်းအတိုင်းသာ ချရေး လိုက်။ ပေါက်ပြီဗျာ။ ပွဲသိမ်း၊ ဒီထက်ကောင်းတဲ့စာအုပ် ကမ္ဘာမှာ မပေါ် သေးဘူး။ ဒါမျိုးဆို လူတွေ ကလည်း သည်းသည်းလှုပ်။ မြန်မာလိုရော အင်္ဂလိပ်လိုရော ထုတ်လိုက် ရုံပဲ။ ထုတ်ဝေသူ မရှိမှာ လည်း မပူနဲ့။ ဝေးဝေး ရှာနေစရာမလိုပေါင်။ လျှပ်တစ်ပြက်နဲ့ ညှိပေးမှာ ပေါ့။ သိသားပဲ။



*

ထန်းပင်တက်လက်မှ ကတော့ ရပါပေ့။ တစ်ပတ်တစ်ခါ မှန်မှန်ရေး ပေးပါလို့ ကိုမျိုးက ပြေ လာတော့ ရင်တွေ ပန်းတွေ တုန်လို့၊ မတော် ချောင်းမြောင်းလုပ်ကြံသွားရင် မခက်ပါလား။ ဟို ငါး ယောက် တစ်ပြိုင်တည်း အသတ်ခံရတဲ့ အမှု တောင် ပေါ်သေးတာမဟုတ်။ မြန်မာနိုင်ငံ ပြည်သူ့ရဲဆို တာ အချဉ်မှ မဟုတ်တာ။ ဆန္ဒပြမယ့်လူတွေက ဆန္ဒပြမယ့်နေရာ မရောက်သေးခင် ရဲ့ အရင် တောင် ရောက်နေတဲ့ဟာ။ ရုပ်ရှင်ထဲက ရဲလို သူလာရင် ဇာတ်သိမ်းပြီဆိုတာမျိုး မဟုတ်ပေါင်။ ဒါပေမဲ့ ရဲမသိအောင် အိမ်ပေါ်တက်ပြီး တိတ်တိတ်လေး သေနတ်နဲ့ပစ်သွားတော့ ဘယ်မိပ့ါမလဲ။

အမှန်က လူသတ်သမားရှာက သူတို့ ဘယ်လိုသတ်ခဲ့တယ်ဆိုတာ ဗွီဒီယိုလေးရိုက်ပြီး ခိုးကူး ဖြန့်မယ်လို့ ပြောရင် ကောင်းမှာ ။ ဇာဂနာတို့လည်း ခိုးကူးဖြန်ပေးပ့ါမယ်။ သိသားပဲ။ ခိုးကူးဖြန့် မယ်လို့ပြောရင် မမှတ်သေးဘူးလားလို့ ခင်ဗျားတို့ပြောမယ်ဆိုတာ။ ဒီဗွီဒီ ခိုးကူးအက်ဥပဒေနဲ့ ဇာ ဂနာ ထောင်ချခံရတာ လေ။ စိန်စီသော ညကို ကူးမိလို့ပေ့ါ။ ဒါပေမဲ့ ကူးချင်ပါသေးရဲဗျာ။ ဖြစ်ရပ် မှန်လူသတ်မှု ဆိုပြီး။ ဒါမျိုးဆို ဇာနဂနာတို့ သိပ်စိတ်ဝင်စား။ ဖြစ်ရပ်မှန် ဒီပဲယင်းဆိုလည်း မိုက်တယ်။ ဖြစ်ရပ်မှန် ညောင်နှစ် ပင်ဆိုလည်း ကြိုက်တယ်။ ဒါတောင် အန်ကယ် (ကြီး) က ဘယ် သူ့တောင်းပန်ရမှန်း မသိဘူး လုပ်နေသေးတာ။ သိသားပဲ။ ဒီလိုပြောမယ်ဆိုတာ။ လူလည်ကြီး သားသမီးပဲဟာ။ ဒီတော့လည်း ပြောရေး ရှိက ပြောအပ်စွာ ၏ ပေ့ါလေ။ ခုနစ်ရက်သားသမီး အားလုံး သာ တောင်းပန်လိုက်ပေ့ါ။ အေးရော။

ကဲ.. စောစောက စကား ပြန်ဆက်ရရင် အီးယူကလည်း ပြည်သူ့ရဲကို စွမ်းရည်မြှင့်သင် တန်း ပေးနေပြီ။ မင်္ဂလာတောင်ညွှန့်ကိုလည်း ဘာမြို့ နယ်ဆိုလားပဲ။ သတ်မှတ်ပေးကျင့်ပေး နေတာ။ တကယ်တော့ တိုင်းပြည်တစ်ပြည် (အထူးသဖြင့် )

ဒီမိုကရေစီနိုင်ငံတိုင်းမှာ ရဲဟာ သိပ် အရေး ကြီးပါတယ်။ အမေရိကားမှာ ရဲဆိုရင် အကုန်လုံးက ကြောက်တယ်။ အဖေ အမေထက်ပို ကြောက်တယ်။ ရဲမို့လို ကိုယ့်ကားနားကပ်လိုက်တာနဲ့ လက်ဖျား၊ ခြေဖျားတွေ ကို အေးခဲကုန် ရော။ ဟော.. အင်္ဂလန်ကျတော့ လူတိုင်း ကိုယ့်အိမ်က ထွက်လာတာနဲ့ ဓာတ်ပုံပေါင်း ၁၀၀၀ လောက် နေ့တိုင်းအရိုက်ခံရနေတာ။ ကြိုတင်ကာကွယ်တဲ့သဘော။ တစ်ခုခုမဟုတ်တာ လုပ်မှာ စိုးလို့ပေါ့။ ဒါတောင် မြေအောက်ရထား မုံးခွဲတာနဲ့ လူတွေ တန်းစီသတ်တာနဲ့ ခဏ ခဏ ဖတ်နေရသေး။

ကျွန်တော် တို့ဆီက ရဲတွေ ကိုလည်း အဲဒီ လို ပြည်သူတွေ က ကြောက်တဲ့။ ရိုသေလေးစား တဲ့ ပြည်သူ့ရဲ ဖြစ်စေချင်လိုက်တာ။ ဒီမိုကရေစီနိုင်ငံမှာ ပြည်သူက ရဲကို ချစ်မှ၊ ပြည်သူက ရဲကို လေးစားမှ စံမီမှာ ကိုးခင်ဗျ။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတို့၊ ဒီမိုကရေစီ အင်စတီကျူး ရှင်းတို့ လက်ချာပေးနေတဲ့သူတွေ လည်း ပေးကြပါ။ ခင်ဗျားတို့က စာတတ်တာကိုး။ ဇာနဂနာတို့ ကတော့ ပြုပြင်ပြောင်းလဲရေး မှာ သမ္မတကြီးကို အရင်ဆုံးလုပ်စေချင်တာ ကတော့ “ရဲပြုပြင်ပြောင်းလဲရေး ” ပါပဲ။

သိသားပဲ။ ခင်ဗျားတို့ ဒီလိုပဲပြောမယ်ဆိုတာ။ ပြုပြင်ချင်ရင် ကိုယ့်ဘက်က အရင်စပြီး ပြင် ဆိုတာလေ။ ဘယ်သူပြင်ပြင် မပြင်ပြင် ကိုယ်ပြင်တယ်ဆိုပြီး ဇာနဂနာ့ဘက်က အရင် အပြီးပြောင်း လိုက်တယ်။ ပြင်လိုက်တယ်။ ပြောင်းလွယ် ပြင်လွယ်ရှိမှ ဒီမိုကရေစီနဲ့ တန်မှာ ကိုးဗျ။ ဆရာကြီး တွေ က အင်္ဂလိပ်လိုဖတ်ပြီး ဗမာလို ခဏခဏပြောနေကျစကားဆိုတော့ ဇာဂနာလည်း နားရည် တွေ ကို ဝလို့။ ဘယ်သူဘာပြောပြော ရဲတွေ ့ရင် အပြတ်လေးစားပစ်လိုက်မယ်ဆိုတဲ့ အသိနဲ့ ဇာ ဂနာ မျက်နှာသစ်လိုက်ပါတယ်။

ဟော တီဗွီကလည်း ဖွင့်လိုက်ရော တန်းတွေ ့တော့တာပါပဲ။ ရဲကြီးတွေ လေ။ ဒိုင်းကြီးတွေ ကာလို့ သြော်... သူတို့ကို ချစ်ချင်ပါတယ်ဆိုမှ မျက်နှာမမြင်ရတော့ ဘယ်လိုကြည်ညိုရပ့ါ။ ယူနီ ဖောင်းကိုပဲ မေတ္တာပို့ရမလား။ ဒိုင်းပဲ ကန်တော့ရမလား။ ခက်ပေါ့။

ဒါနဲ့ လမ်းထွက်ခဲ့ရရော။ မီးပွိုင့်လည်း ရောက်ရော ရဲကြီးက ကားနားကပ်လာတယ်။ ဟာ .. လူကောင်က ထွားလိုက်သမှ ဗေလုဝနဲ့ ခင်လှိုင်လိုပဲ။ ယူနီဖောင်းနဲ့ ကြည့်လိုက်ကောင်းလိုက်တာ။ ဟာနုမန်ကို ဒသဃ ဂီရိဝတ်စုံ ပေးဝတ်ထားသလိုပေါ့။ စကားလည်း စပြောရော ပါးစပ်တစ်ခုလုံး မည်း နက်နေတာ။

သွားဆရာဝန်တွေ ကို အားကြီးစိတ်ဆိုးတာပဲ။ ဇာဂနာသာ သွားဆရာဝန်ဆိုရင်လေ သူ့ပါး စပ်ထဲက ကွမ်းချေးတွေ ကို ကော်ပတ်စားပေးဦးမှာ ။ ပြီးတော့ ပါးစပ်တစ်ခွင် တစ်ပြင်လုံးကို ဒက် တောနဲ့ ကို ဆေးပေးလိုက်ဦးမှာ ။ ဒါမှ မန့်မှာ ပေါ့။ အောင်မယ်... စကားပြောဇေတ့ အချိုသား။ အစ်ကိုကြီး။ ညီလေးတို့ကို ကြည့်ဦးလေတဲ့။ ဟောဗျာ ခက်ပေါ့။

သူ့ကို ကိုယ်က လေးစာချင်ပါတယ်ဆိုနေမှ။ ကိုင်း ဘယ်လိုကြည့်ရမလဲဆိုတော့ ဟဲ ဟဲ တဲ့။ ကိုကြီးဇာဂနာကလည်း သိသားနဲ့တဲ့။ မခက်ဘူးလား။ ဒါကြောင့် ဇာဂနာ ငတုံးပါလို့။ ကိုယ့် ကိုယ်ကိုယ် မြောက်ကားကြီးလုပ်ပြီး သိသားပဲ လုပ်နေတာ။ တကယ်တော့ ဘာမှ မသိသေးပါ ကလား။ ပြည်သူ့ရဲကြီးရယ်။ မရှင်းလို့ပါဆိုတော့ လက်မကလေးပါးစပ်ထဲ ထည့်ဟန်ပြုလို့ မောနင်း မဆွဲရသေးဘူးတဲ့။ ကောင်းရော။

မြန်မာပြည်လောက် ဝီစကီစက်ရုံပေါတာဗျာ။ ကမ္ဘာမှာ တောင် မရှိဘူး။ လက်ညှိုးထိုး မလွဲ အောင် များ လိုက်တဲ့ ဝီစကီဆိုင်းဘုတ်တွေ ။ ပေးလိုက်တဲ့ ကံစမ်းမဲတွေ ၊ အဲဒီ ဝီစကီထုတ်တဲ့ လူတွေ ကို ငါးလောင်းပြိုင်လို အိမ်ပေါ်တက်သတ်ပစ်ချင်လိုက်တာ။ မနက်စောစော . .သောက် ရန်ဆိုပြီ ပြည်သူ့ရဲကြီးတွေ အတွက် တစ်မနက်ကို ဂါလံတစ်ရာလောက် လှူတော့ရော ခင်ဗျားကြီး တို့ မွဲသွားမှာ မို့လား။ ရဲဗျ... ရဲ။ ဒီမိုကရေစီနိုင်ငံတော် အတွက် မရှိမ ဖြစ် “ရဲ”။ ခင်ဗျားတို့ သိသင့် ပါတယ်ဗျာ။ မဟုတ်တဲ့ နေရာတွေ လျှောက်လှူနေမယ့်အစား အရက်ကလေး ဂါလံတစ်ရာလောက် လှူလိုက်ရင် နိုင်ငံတော် လည်း ဘေးကင်း၊ အေးငြိမ်း၊ ဘယ်ကလောက် ကောင်းလဲ။

သိသားပဲ။ ခင်ဗျားတို့က ဘာတွေ လာပြောနေတာလဲလို့ ပြောမယ်ဆိုတာ။ ဒီမှာ .. ကျွန်တော် က ပြည်သူ့ရဲကြီးတွေ ကို ချစ်နေတာဗျ၊ လေးစားနေတာ။ တစ်ခါတည်း

ပူဇော်လိုက်ပါ တယ်။ ဇာဂနာ့ကားထဲ အရက်မှမရှိတာ။ ရော့.. သောက်ဆိုပြီး အင်္ဂျင်ဝိုင်တစ်ဝိုင်း ပေးခဲ့လိုက် တယ်။ သိသားပဲ။ ဒါမှ ပွတ်အားကောင်းမယ်ဆိုတာ။ တိုင်းပြည်မှာ ပွတ်တိုက်တာတွေ သိပ်များ နေ သကိုး။

*

# အခန်း (၂)



ဇာဂနာတို့ဗမာတွေ သိပ်တော် သိပ်တတ်ကြတာပဲ။ ဇာဂနာတော့ ဂုဏ်ယူတယ်။ အမေရိ ကန်တွေ ၊ အင်္ဂလိပ်တွေ ၊ပြင်သစ်တွေ ၊ အိုး အိမ်နီးနားချင်း တရုတ်တွေ ထက်ကို သာတယ်။ သာလို့ လည်း သူရို့တတွေ ခမျာ ကိုယ့်ဆီလာပြီး ဆီကလေး ဂက်စ်ကလေး လာရှာနေရတာ ပေါ့။ ဟုတ်ဘူး လား။ ကိုယ်တွေ က ဘယ်သွားပြီး ဘာလုပ်ဖို့မှ မလိုဘူးလေ။ အကြော့သား ထိုင်စားနေရုံပဲ။ ပြီးရင် ဖေ့စ်ဘွတ်ခ်လေး ဖွင့်ပြီး တောင်ရေး မြောက်ရေး လုပ်ရုံပဲ။ အေးရော။ အမေရိကားမှာ ။ အင်္ဂလန်မှာ လူတွေ က လမ်းလျှောက်တာက အစ ခေတ်လိုက်နေသလိုပဲ။ ပြေးလွှားနေရတာ ။ အစားတစ်လုပ် အတွက် ဒီလောက် ပျာယာခတ် လုပ်စားနေကြတာ တွေ့ရတော့ သနားလိုက်တာ။ ဇာဂနာတို့ မြန်မာတွေ ကတော့ အေးအေးပဲ။ အချိန်တွေ ကလည်း ပိုလို့။ လက်ဖက်ရည်ဆိုင်တွေ ရောင်းကောင်းတာသာကြည့်။ ဘီယာဆိုင်တွေ ရောင်းကောင်းတာသာကြည့်၊ သိသားပဲ။ ခင်ဗျားတို့က ဇာဂနာ့ကို နာလိုလိုက်တာလို့ ပြောမှာ ပဲဆိုတာ။ အမှန်က ဝမ်းသာနေတာ။ ဂုဏ်ယူနေတာပါ။ ဘယ်ရုံးသွားသွား။ ဘယ်ကျောင်းသွားသွား၊ အားလုံး ဖေ့စ်ဘွတ်ခ်ကလေးတွေ ဖွင့်လို့။ တချို့များ တခိခိနဲ့ ရုပ်ရှင်ရိုက်ကွင်းတွေ မှာ လည်း ဒီလိုပဲ။ သူများ အကြောင်း တစ်ယောက် ယောက် က မကောင်းရေး ပြီဆိုလည်း ပျော်လိုက်ကြတာ။ ဒါပေါ့... ကိုယ့်အကြောင်းမှ မပါသေးတာကိုး။ ပျော်တာ ပေါ့ အမေရယ်ပေါ်နော်။

ဒီကြားထဲ ဟိုမင်းသားက မူးယစ်ဆေးသုံးတယ်ဆိုလည်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သူခိုး အားပေးလုပ်လိုက်တာပဲ။ အမယ်.. နိုင်ငံတော် လျှို့ဝှက်ချက်ပေါက်ကြားတယ်ဆိုတာ သေဒဏ် နော်။ ဒါကို ဖေ့စ်ဘွတ်ခ်ပေါ် ဝမ်းပန်းတသာ တင်ရေး သူက ရေး ။ ထောက်ခံသူက ထောက်ခံ။ ဒီကြားထဲ ကောင်းတယ်။ ဒါမျိုးများများ ဖော်ထုတ်မှဆိုတာ ပါသေးရဲ့ ။

ဇာဂနာတို့ မြန်မာတွေ ကတော့ ဘာဆို ဘာမှကို မပူတတ်တာ။ ဘယ်လောက်ငြိမ်အေးလဲ။ တရား တော် ရဲ့ အဆုံးအမတွေ စိမ့်ဝင်နေကြတာလေ။ ဒါကြောင့်လည်း ရွှေဝါရောင် တော် လှန် ရေး ဖြစ် ဖြစ်၊ ဘာ ဖြစ် ဖြစ် အိမ်ထဲကပဲ

လက်ပိုက်ကြည့်နေတာပေါ့။ အားလုံးဟာ ဖြစ်၊ ပျက် မဟုတ်လား။ ဖြစ်ပြီးရင် ပျက်မှာ ပဲဆိုပြီး တရားရှုမှတ်နှလုံးသွင်းလိုက်တာ နှစ် ၆၀ သာ ကျော်သွားေ ရာ ဖြစ်ပြီး မပျက်တော့ဘူး။ ဒါလေးများ အေးအေးပဲ။ သမ္မတနဲ့ လွှတ်တော် ပွတ်တိုက် နေတယ်။ သိသားပဲ။ ကိုယ်နဲ့ ဘာဆိုင်တာ လိုက်လို့။ လေးပွင့်ဆိုင်က မ ဖြစ်တော့ဘူးတဲ့။ သိသားပဲ ကိုယ်နဲ့ ဘာဆိုင်တာလိုက်လို့။ ကိုယ်တွေ က ဖေ့စ်ဘွတ်ခ်ပေါ် ဘာဘာညာညာ လေးတွေ ရေး နေရ ရင် ပြီးတာပဲ။

Freedome of Speech လေ။ မကျေနပ်လည်း လဲသေကြပေါ့။ လွတ်လပ်စွာ ပြောဆိုခွင့် ရှိတယ်လေ။ အခွင့်အရေး ရတုန်း ဆော်ထည့်လိုက်မှာ ပဲ။ အစားအသောက်မပျက်ပေါင်း ဘယ်သွား သွား ဒါမျိုးတွေ က တွေ ့နေရ ကြားနေကျကိုး။ တိုက်ပဲ တိုက်ဆိုင်လွန်းနေသလားပဲ။ ဒါမှ မဟုတ် တိုက်ကို ဆိုင်အောင်ပဲ တိုက်နေသလားပေါ့လေ။ လက်ပံတောင်းမှာ လူတွေ အားလုံး အာရုံပြုနေ ချိန် ကျောက်ဖြူ ပိုက်ကြီးက ပြုံးဖြီးဖြီးနဲ့ ပြီးသွားရော။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ညီလာခံ တွေ ထောင်းလမောင်းထအောင် လုပ်နေချိန်မှာ မှ ခရိုနီဓာတ်ပြားဟောင်းကြီးတက် လာပြန်ပါရော။ ဟော.. လေးပွင့်ဆိုင်လည်း လောဆော်ရော မူးယစ်ဆေးဝါး စစ်ချက်ကြီးက အုတ်အော်သော င်း တင်းပေါ်လာရော။ ကန်စွန်းရွက်သည်အစ ဝန်ကြီးအဆုံး “ဟဲ့.. ဟိုမင်းသားက ဆေးပြားဆိုပဲ။ ဟိုမင်းသမီးက ရောင် းသတဲ့”။ အောင်မယ်.. အောင်မယ်.. ရုပ်ကြီးက ရုပ်ကြီးက သိပြီးသားပေါ့ လေ။ ဟုတ်စ။ အဲသလိုကို ပွနေ ထနေတာ။ လေးပွင့်တွေ ၊ ဆယ်ပွင့်တွေ ဘယ်သူမှ စိတ်မဝင်စား တော့ဘူး။ ပြင်မလား သစ်မလာတွေ လည်း လာမပြောနဲ့တော့။ နား....။

သိသားပဲ။ ကျွန်တော် တို့မြန်မာတွေ က တရားသဘောသက်ဝင်ပြီး အေးအေးပါဆို။ ဖြစ် - ပျက် ကို နှစ် ၆၀ ကျော် နှလုံးသွင်းလာတာဗျာ။ နောက်ထပ် နှစ် ၁၀၀ သွင်းဆိုလည်း ရပါသေး တယ်။ ဟုတ်ဘူးလားဗျာတို့။

*

အကောင်းမမြင်တတ်တဲ့လူပြက်တွေ က ပြက်

လုံးပြက်သဗျ၊ အင်တာဗျူး တစ်ခုမှာ ပေါ့။

ရဲဘော်.. . မင် တပ်မတော် သာ အမိ တပ်

မတော် သာ အဖဆိုတာ သိလားဆိုတော့

.....ဟုတ်ကဲ့ သိပါတယ်ပေါ့။ ဒါဆို မင်း

ဘာ ဖြစ် ချင်လဲလို့လည်း မေးရော အဖြေ

က “မိဘမဲ့ ဖြစ်ချင်ပါတယ်” တဲ့။ကဲ မခက်

လား။ ဇာဂနာတော့ နားကို မလည်တာ။

ဘာဆိုလိုမှန်းကို မသိတာ။ သိသားပဲ။

ခင်ဗျားတို့က ဇာဂနာ့ကို......

*



အခုဆို အရှေ့တောင်အာရှ အားကစားပွဲကြီးလည်း တဂျိမ်းဂျိမ်းနဲ့ပေါ့။ ညရှစ်နာရီ
ရုပ်မြင် သံကြားသတင်းတောင် မလွှင့်တော့ဘူး။ ဘောပွဲပဲလာနေတော့တာ။ ဆီးဂိမ်းက

အရေး ကြီးပေးသ ကိုး။ ၄၄ နှစ် ကြာအောင် ဝေးခဲ့ရတဲ့ ပွဲပဲလေ။ ဒီလောက်တော့ ရှိမှာ ပေါ့။ ခြင်းလုံးခတ်လို့ ရွှေတံဆိပ်ရလိုက်တော့ ဇာဂနာ ပျော်တာပေါ့။ ရွှေမမြင်ဖူးတာ ကြာပြီလေ။ တချို့ ကတော့ ခြင်းလုံး ခတ်တာကို အပြစ်ပြောကြတယ်။ ဘာ ဖြစ်တုံးဗျာ။ ခြင်းလုံးခတ်ခတ် ခေါင်းအုံးရိုက်ရိုက် ရွှေရဖို့က ပဓာနပဲဟာ။ ဇာဂနာတို့ မြန်မာတွေ ရွှေနဲ့ ဝေးနေခဲ့တာ ကြာပေါ့။ ကမ္ဘောဒီးယားကို နိုင်လိုက်ပြန် တော့လည်း ပျော်လိုက်တာ။ မဆလခေတ်တုန်းက အရှုံးအနိုင်ဟာ ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိကဆိုတာမျိုး ပြောခဲ့ကြတော့ မြန်မာဟာ ဆောင်ပုဒ်အောက်မှာ ပိပြီး တစ်ခါမှ မနိုင်တော့ပါဘူး။ ဒါကြောင့် ဆောင်ပုဒ်အောက်မှာ ပိပြီးတစ်ခါမှ မနိုင်တော့ပါဘူး။

ဒါကြောင့် ဆောင်ပုဒ်တွေ စာတန်း တွေ ကြွေးကြော်သံတွေ တွေ့ရင် ဇာဂနာ သိပ်ကြောက် တာပဲ။ ကြည့်လေ၊ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည် လို့ ဆိုခဲ့လိုက်တာ ရွာတောင် မကျော်တော့ဘူး။ ဘောကွင်းထဲ ရေသန့်ဘူးနဲ့ ပေါက်မယ့်လူလောက်ပဲ လာကြည့်တော့တာလေ။ ဘယ်သူမှ ကိုယ့်အသင်းကိုယ် အားမပေးချင် တော့ဘူး။ တစ်ခါမှတ်မိ ဦးမှာ ပါ။ ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများ အား ဆန့်ကျင်ကြဆို တာလေ။ ကဲ၊ ကြည့်၊ ခုတော့ နိုင်ငံတော် အစိုးရ အဖွဲ့တွေ ရော၊ လွှတ်တော် ထဲက လူတွေ ရောပြည်ပကိုသွားလိုက်၊ ပြည်ပကလာသူတွေ ကို လက်ခံ လိုက်နဲ့ စည်လို့ကားလို့။

ပြောပါရောလား။ စာတန်းတွေ ဆောင်ပုဒ်တွေ ကို ကြောက်ပါတယ်ဆိုတာ။ မရေး ခဲ့ဖူးပါဘူး လို့ ငြင်းမရ။ သက်သေက အခိုင်အမာကြီး။ ဟော သစ်တစ်ပင်ခုတ် အချ ပ်သုံးလဆိုတုန်းကလည်း လူတွေ က နောက်လိုက်ကြတာ။ ဒီလိုလူတွေ ကလည်း ကြံကြံဖန်ဖန်ရယ်၊ ပြောတတ်လိုက်ကြတာ။ သစ်ပင်ခုတ်ရင်တော့ အချုပ်သုံးလပဲတဲ့။ တစ်တောလုံးခုတ်လိုက်ရင်တော့ ဆရာကြီး ဖြစ်သွားပြီဆို ပဲ။ ခုခေတ်အခေါ်တော့ ခရိုနီဆိုလား ခရိုစိမ်းဆိုလားပါဗျာ။ သိပ်တော့ မသေချာပါဘူး။ ဇာဂနာက မှတ်ဉာဏ်သိပ်ကောင်းတာမဟုတ်ဘူး။ ကိုယ့်ကို နားရင်းအုပ်သွားတဲ့ သူကိုတောင် မျက်နှာချင်း ဆိုင်တွေ့ရင် ရယ်ပြ ပြုံး ပြနှုတ်ဆတ်နေတာ။

နောက် စာတန်းတစ်ခု ရှိသေးတယ်။ ဘာတဲ့။ တပ်မတော် သာအမိ၊ တပ်မတော်

သာအဖဆို တာလေ။ ဇာဂနာ့လို နံနံအအ ကတော့ ဘာသိမှာ လဲ။ ဟုတ်သားပဲ။ သူ့ဘာသာသူ အမိ အဖ ဖြစ် ဘာ ဖြစ်လဲပေါ့။ ဒါပေမဲ့ အကောင် မမြင်တတ်တဲ့ လူပြက်တွေ က ပြက်လုံးပြက်သဗျ။ အင်တာဗျူး တစ်ခုမှာ ပေါ့။ ရဲဘော်.... မင်း တပ်မတော် သာ အမိ၊ တပ်မတော် သာ အဖဆိုတာ သိလားဆိုတော့ .... ဟုတ်ကဲ့ သိပါတယ်ပေါ့။ ဒါဆို မင်းဘာ ဖြစ်ချင်လဲလို့လည်း မေးနားကို မလည်တာ။ ဘာဆိုလို မှန်းကို မသိတာ။

သိသားပဲ။ ခင်ဗျားတို့က ဇာနဂနာ့ကို အောင်မာ ရှုးချင်ယောင်မဆောင်စမ်းပါနဲ့လို့ ပြောမယ် ဆိုတာ။ တကယ်ပါ။ ခင်ဗျားတို့ထင်သလို ဇာနဂနာမပါပါဘူးဗျာ။ ထူပါတယ်။

ဟော... ကြည့်၊ အခုတွေ ့တွေ ့နေတာ။ ပြည်သူ့ဆန္ဒ ပြည်သူ့အသံဆိုတာလေ။ ပြည်သူ့ ဆန္ဒဆိုတာ ဇာဂနာသိတာတော့ သွေးဆေးပဲ။ အဲဒါသောက်ရင် အမူးအမော်ပြေတယ်ဆိုလား။ အမောအပန်းပြေတယ်ဆိုလား တစ်ခုခုပေါ့ဗျာ။ ဒါကို လွှတ်တော် နဲ့ ဘယ်လိုချိတ်လိုက်မှန်း ဇာဂနာ ဖြင့် နားကိုမလည်ဘူး။ ပြည်သူ့ဆန္ဒကိုလည်း ဇာဂနာတို့ ဘာ ဖြစ်ချင်လဲ ဘာလုပ်ချင်သလဲဆိုတာ ဘယ်သူမှ အဖက်လုပ်ပြီး လာမမေးကြဘူးနော်။ ဒါကြောင့် ပြောတာပေါ့။ ပြည်သူ့အသံသာဆို တယ်။ ဇာဂနာတို့ပြည်သူတွေ ဘာသံမှကို မထွက်ရပါဘူး။ ဘယ်သူကမှလည်း နားမထောင်ပါဘူး။ ဒါလည်း မှန်ပါတယ်လေ။ အားမှ မအားကြဘဲကိုး။ ဘယ်ကြားနိုင်ပါတော့မလဲ။

ဒါကြောင့် ပြောတာပေါ့။ ဇာဂနာတို့က ထုံပါတယ်ဆိုနေ။ ဒီကြားထဲ ဇာဂနာရဲ့ သူငယ်ချင်း တွေ က လာလာမေးတယ်။ ဇာဂနာက ပွဲတွေ ၊ ဘာတွေ က ဖူးတယ်ဆိုတော့လေ။ သူငယ်ချင်း တွေ က သိချင်ကြသပေါ့။ “အရင်မိန်းမဖို့ ရွှေ ..ဒီရွှေ.. နောက်မိန်းမဖို့ ရွှေ ဒီရွှေ” ဆိုတာ သိပ်တွင် ကျယ်ခဲ့တာတဲ့။

ဘာကိုဆိုလာတာလဲ။ မခက်ပါလား။ ဇာဂနာ ဘယ်သိပ့်မလဲ။ မြန်မာခြင်းလုံး ခတ်လို့ ရတဲ့ ရွှေ ဖြစ်မှာပေါ့ဆိုတော့ ခေါင်းခေါက်ခံရရော။ ဒါ ရွှေမန်းဟ မသိဘူးလားတဲ့။ ခက်ပြန်ပါရော။ ဘယ်လို လုပ်သိမတုံး။ ဇာဂနာက ရွှေမန်းတင်မောင်ရဲ့ သားမှ မဟုတ်တာ။ ကိုယ်ချမ်းသာတို့ကို သွားမေးပေါ့လို့ ပြောလိုက်ရတယ်။

ဒင်းတို့က ဒီလောက်နဲ့ ငြိမ်မယ်မှတ်တာ။ မငြိမ်ဘူး။ လာသေးတယ်။
ဆိုင်းဆရာထဲမှာ ဘယ်သူ အတော် ဆုံးလဲတဲ့။ ဘယ်လိုလုပ်သိမှာ တုံး။ သိသားပဲ။ ဒင်းတို့
ဒီလိုပြောမယ်ဆိုတာ။ ဇာ ဂနော့ကို ငအေ ငတုံးတဲ့။ မနာပေါင်၊ အစ ကတည်းက
ပြောထားသာပဲဟာ။ ဇာဂနာဟာ ထုံ့ပါတယ်လို့။ သူတို့က အဲဒီ အခါကျမှ ဖြေသဗျာ။ "ဘာပြသ
နာပေါ်ပေါ် ဘာအရေး အခင်း ဖြစ် ဖြစ်၊စုံစမ်းလိုက် ပါ စုံစမ်းလိုက်ပါလို့ ကော်မရှင်တွေ
ဖွဲ့ဖွဲ့ပြီး ခဏခဏဆိုင်းနေတဲ့သူက အတော် ဆုံးဆိုင်း ဆရာပေါ့ဟ" တဲ့။ ကဲ.. မပြောလား။
ဇာဂနာဖြင့် နားကို မလည်နိုင်ဘူး ထုံပါတယ်လို့ဆို။ သိသားပဲ။ ခင်ဗျား ဘာပြောမယ်ဆိုတာ။

*